**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၊ ကျောက်ကပ်သွေးသန့်စင်ကုဋ္ဌာန**

**ဖွင့်ပွဲအခမ်းအနားတွင်**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး**

**မြွက်ကြားသည့်မိန့်ခွန်း**

ဇီဝိတဒါနသံဃာ့ဆေးရုံ ရန်ကုန် (၂၄-၁၂-၂၀၁၆)

အားလုံး မင်္ဂလာပါ။

ဒီနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)အတွက် မင်္ဂလာရှိသော နေ့တစ်နေ့လည်းဖြစ်သလို ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေနှင့်လည်း ဂုဏ်ယူဖွယ် နေ့တစ်နေ့ဖြစ်ပါတယ်။ နိုင်ငံတစ်ဝှမ်းရှိ ဆေးကုသမှု လုပ်ငန်းများကို လွှမ်းခြုံမှုကောင်းမွန်စေရန် အလှမ်းမကွာဝေးဘဲ ရရှိနိုင်ရန် အတွက် စီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်နေချိန်မှာ ပြည်သူများရဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်တဲ့ သံဃာ၊ သီလရှင်များ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများက တစ်တပ်တစ်အား စောင့်ရှောက်ပေး သည့်အတွက် နှစ်ခြိုက် ကျေးဇူးတင်ပါကြောင်းနှင့် လိုအပ်ချက်အရ ဖြစ်ပေါ်လာတဲ့ ကျောက်ကပ်သွေး သန့်စင်ခြင်းလုပ်ငန်းကို တစ်ပိုင်တစ်နိုင် စတင်ဆောင်ရွက်ပေးနိုင်ရန် စတင်ခြင်း အတွက်လည်း ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် hemodialysis machine / automated peritoneal dialysis machine (APD) များကို ဆေးရုံတိုင်း၌ မထားရှိနိုင်သေးပါဘူး။ တဖြည်းဖြည်းတိုးချဲ့ဖို့ ရည်ရွယ်နေပါတယ်။ နိုင်ငံခြား ( ဥပမာ၊

အမေရိကန်နိုင်ငံတွင် hemodialysis dialysis machine, ရေသန့်စင်စက်နှင့် accessory များ အလုံး ၃၀-၄၀ ဖြင့် ကုသပေးနေသည့် ဌာနများ ရှိနေပါတယ်။) ထိုအဆင့် ရောက်ရှိအောင် ကျွန်တော်တို့အနေနှင့် အချိန်အတော်ကြာကြာဦးမှာဖြစ်ပါတယ်။ Hemodialysis machine တစ်ခုထဲရှိရုံနှင့်လည်း မဖြစ်နိုင်သေးပါ။ လိုအပ်သော ဓါတ်ခွဲခန်းများလည်း လိုပါမည်။ ကျွမ်းကျင်ဝန်ထမ်းပညာရှင်များလည်း လိုပါမည်။ ကျွမ်းကျင်သော ဝန်ထမ်းများက စက်ပစ္စည်းများကို သေချာစွာကိုင်တွယ်ပြီး ကောင်းကောင်း ထိန်းသိမ်းစောင့်ရှောက်မှသာလျှင် ရေရှည်ခံမှာ ဖြစ်ပါတယ်။ ဤအချက်ကိုလည်း အမြဲသတိပြုစေလိုပါသည်။

ဒီကိစ္စတွေဟာ အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျောက်ကပ် အာဟာရပညာရှင်များလည်း လိုအပ်ပါတယ်။ သို့မှသာ မည်သို့ စားသောက်ရမည်။ မည်သို့ အထူးအာဟာရဖြည့်ဆည်းရမည်။ ဆက်လက်ပြီး မည်သို့ စားသောက်ရမည်ကို တိကျစွာ အကြံပြုနိုင်မှာဖြစ်ပါတယ်။ (ဥပမာ -ကယ်လိုရီမည်မျှ၊ အသားဓါတ်မည်မျှ၊ ဆိုဒီယမ်မည်မျှ၊ မီးစုန်းဓါတ်မည်မျှ စသည်) တို့ကို တွက်ချက်နိုင်မှာဖြစ်ပါတယ်။ ဆေးလူမှုဝန်ထမ်းများ၏ အခန်းကဏ္ဍကလည်း အရေးကြီးပါတယ်။ ကျောက်ကပ်သွေးသန့်စင်ကုလုပ်ငန်း အတွက် အမျိုးမျိုးသော ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်ပါတယ်။ ထို့အပြင် ဆီးနှင့်ကျောက်ကပ် သမားတော်ကြီးများ၊ စိတ်ကျန်းမာရေးပညာရှင်များ၊ ကျောက်ကပ်သွေးသန့်စင် အထူးပြု သူနာပြုများလည်း လိုအပ်ပါတယ်။

ဇီဝိတဒါနဆေးရုံကြီး(ရန်ကုန်)ကို ၁၉၄၀ ခန့်က မျိုးချစ်ပုဂ္ဂိုလ်တစ်စုက ဆေးခန်းငယ်လေးအနေနဲ့စတင်ခဲ့ပြီး ယခုသက်တမ်း (၇၆)နှစ်ရှိတဲ့အခါမှာ အတွင်းလူနာ သံဃာ(၁၃၀)၊ သီလရှင်(၅၀)နှင့် ခွဲစိတ်လူနာ(၂၀)ဆံ့တဲ့ ဆေးရုံကြီးအဖြစ်နဲ့ ရပ်တည်နေ တယ်လို့ သိရှိရပါတယ်။ ပြင်ပလူနာအနည်းငယ်နှင့် စတင်ခဲ့ရာမှ ယခုအခါ သံဃာလူနာပြင်ပဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်ပြင်ပ လူနာဌာနနှင့် အထူးကု ပြင်ပလူနာဌာန စသည်များနှင့် စောင့်ရှောက်နေပြီဖြစ်ပါတယ်။ ဆေးကုသမှုပိုင်းမှာလည်း သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်များအတွက် အထွေထွေရောဂါများသာမက အထူးကုဘာသာရပ်

ရောဂါတော်တော်များများကို ကုသစောင့်ရှောက်မှုပေးနိုင်တယ်လို့ သိရပါတယ်။ ဆေးရုံ၏ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကုသရေးပိုင်းမှာ ကောင်းမွန်သည့်အတွက် ငွေအလှူရှင်များ၊ ပစ္စည်းအလှူရှင်များနှင့် လုပ်အားအလှူရှင်တွေ များနေသည်ကို တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ ဆေးရုံတစ်နေ့တခြား တိုးတက်လာရခြင်းမှာ တစ်စိုက်မတ်မတ် အလှူရှင်များကြောင့်ဖြစ်သလို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာဝန်၊ ဆရာမများရဲ့ ကြိုးပမ်းအားထုတ်မှုများကြောင့်လို့ သုံးသပ်ရင်မှားမယ် မထင်ပါဘူး။

နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ တိုင်းရင်းသားများ အပါအဝင် နိုင်ငံသားတိုင်းရဲ့ ကျန်းမာဖွံ့ဖြိုးမှုအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို တာဝန်ယူဆောင်ရွက်ခွင့်ပေးပါတယ်။ သို့သော် နိုင်ငံတစ်ဝှမ်းလုံးရှိ ပြည်နယ်၊ တိုင်း ဒေသကြီးအားလုံးကို လွှမ်းခြုံနိုင်ဖို့ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ပါဘူး။ ကျန်းမာရေး လုပ်ငန်းအဆင့်ဆင့် အောင်မြင်ဖို့ဆိုရင် ကောင်းမွန် တိကျတဲ့မူဝါဒများ၊ ချမှတ်နိုင်ဖို့လိုသလို ယင်းမူဝါဒကို အကောင်အထည်ဖော်ရာမှာ အဆင့်ဆင့်သောဌာနများ၊ လူထုအခြေပြုအဖွဲ့ အစည်းများ၊ စေတနာဝန်ထမ်း အဖွဲ့အစည်းများနှင့် ပြည်သူများကိုယ်တိုင် ပါဝင်မှသာလျှင် အချိန်တိုတိုနဲ့ အောင်မြင်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရ တာဝန်ယူချိန်မှစ၍ ကျန်းမာရေးလုပ်ငန်းများကို ဘက်စုံ ထောင့်စုံမှ မကြွင်းကျန်ဘဲဆောင်ရွက်နိုင်ရန် စီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိတဲ့ ဆေးရုံဆေးပေးခန်းများ တိုးမြှင့်ခြင်း၊ တိုးချဲ့ခြင်း၊ အသစ်ခွင့်ပြုခြင်းများ ကိုလည်းကောင်း၊ ဝန်ထမ်းများကို ကျွမ်းကျင်မှုရှိစေရန် သင်တန်းတက်ရောက်စေခြင်း၊ တိုးချဲ့ခန့်ထားခြင်းများကို နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုချက်များကို ဘောင်အတွင်းမှ ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ပြည့်ဝသော လွှမ်းခြုံမှုရှိနိုင်ဖို့ကိုတော့ အခက်အခဲ ရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတစ်ခုဖြစ်တဲ့ ဆေးကုသခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ သံဃာ၊ သီလရှင်များအတွက်

ကျောက်ကပ်သွေးသန့်စင်ကုလုပ်ငန်းကို ဤဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)မှ မိမိတို့ တက်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ခြင်း တွေ့ရတဲ့အတွက် နိုင်ငံတော်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အထူးပဲကျေးဇူးတင်ရှိ ကြိုဆိုပါတယ်။

ဤကျောက်ကပ်သွေးသန့်စင်ကုဌာန ဖြစ်မြောက်ရေးအတွက် စေတနာထက်သန်စွာနှင့် လုပ်အားပေးကြသော ကျောက်ကပ်အထူးသမားတော်ကြီးနှင့် ဆရာမများကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားလိုပါတယ်။

ဤဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကိုလည်း ဤဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ ဇီဝိတဆေးရုံကြီးရဲ့ လုပ်ငန်းတိုးချဲ့မှုများဖြစ်တဲ့ အထူးကုဘာသာရပ်များကို တိုးချဲ့ဆောင်ရွက်ခြင်း၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ရပ်ကွက်ရှိ ဇီဝိတဒါနဆေးခန်း တိုးချဲ့ခြင်း စသည်တို့ဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ကိုက်ညီတဲ့အတွက် ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။ နောင်လည်း ဖြစ်နိုင်ခြေရှိသော ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ တိုးချဲ့မှုများကို ဆက်လက်ဆောင်ရွက်ပါရန်နှင့် ယင်းသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ တတ်စွမ်းသမျှ ကူညီပံ့ပိုးမည် ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ယခုဖွင့်လှစ်တဲ့ ကျောက်ကပ်သွေးသန့်စင်ကုဌာနဖွင့်ပွဲ တက်ရောက်သကဲ့သို့ နောင်အနာဂတ်ကာလမှာလည်း ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ တိုးချဲ့မှုများကိုလည်း မျှော်လင့်ပါကြောင်းနှင့် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။